ဖိုင်နယ်ပွဲ

အဘယ်ကြောင့် ဤမျှ အကောင်းမြင်စိတ်ထား ထားရသနည်း ဆိုသည်ကို ဂျူးတယောက်အား မေးသည်။

" ကျွန်တော်တို့ လူမျိုးရဲ့ သမိုင်းက ကျွန်တော်တို့ ကို အကောင်းမြင်တတ်ဖို့ သင်ထားလို့ပါ "

" ဘာလဲ ခင်ဗျားတို့ သမိုင်းက ကြေကွဲစရာကောင်းလို့ လား "

" ဘာဖြစ်လို့ ကြေကွဲစရာကောင်းရမှာလဲ၊ အီဂျစ်ဖာရောက် ဘုရင်တွေ ရှိခဲ့တယ်၊ ဂျူးတွေလည်း ရှိခဲ့တယ်၊ အခု ဖာရောက်တွေ မရှိတော့ဘူး၊ ဂျူးတွေ ကျန်တယ် "

ရှေးခေတ်က ဂရိတွေ၊ ဂျူးတွေ ရှိခဲ့တယ်၊ ဟိုခေတ်က ဂရိတွေ အခုမရှိဘူး၊ ဂျူးတွေ ကျန်တယ်။

ဇာဘုရင်တွေ၊ ဂျူးတွေ ရှိခဲ့တယ်၊ အခု ရုရှားမှာ ဇာဘုရင် စနစ်မရှိတော့ဘူး၊ ဒါပေမယ့် ဂျူးတွေ ကျန်တယ်။

ဟစ်တလာ ရှိခဲ့တယ်၊ ဂျူးတွေ ရှိခဲ့တယ်၊ အခု ဟစ်တလာ မရှိဘူး၊ ဂျူးတွေ ရှိနေတယ်။

စတာလင် ရှိခဲ့တယ်၊ ဂျူးတွေ ရှိခဲ့တယ်၊ အခု စတာလင် မရှိတော့ဘူး၊ ဂျူးတွေ ကျန်နေတုန်းပဲ။

သမ္မတနတ်ဆာနဲ့ ဂျူးတွေ ရှိခဲ့တယ်၊ နတ်ဆာ မရှိတော့ဘူး၊ ဂျူးတွေ ကျန်နေသေးတယ်။

အခု ကွမ်မြူနစ်စနစ်နဲ့ ဂျူးတွေဆိုပြီး ရှိနေတယ်။

" ခင်ဗျား နိမိတ်ပြစကား ပြောတာလား "

" မဟုတ်ပါဘူး၊ ကျွန်တော်တို့ အခု ဖိုင်နယ်အဆင့်ကို ရောက်နေပြီဆိုတာကို ပြောချင်တာပါ "



သူများ ရေးသမျှ၊ ပြောသမျှ ထဲမှ မိမိကြိုက်နှစ်သက်သော ဟာသများကို ပြန်လည်

ဖောက်သယ်ချပါသည်။

ဒေါ်စကာ